# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန

**ညွှန်ကြားချက်အမှတ် - ၁ /၂၀၁၈**

၁၃၇၉ ခုနှစ်၊ ပြာသိုလဆုတ် ၁ ရက်
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

အကြောင်းအရာ။ **ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန်ကိစ္စ**

၁။ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၂၃ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကမ်းရိုးတန်းဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ရေနေနို့တိုက်သတ္တဝါများဖြစ်သည့် ရေဝက်၊ လင်းရှူး၊ ဧရာဝတီလင်းပိုင်နှင့် လင်းပိုင်မျိုးစိတ်များ၊ ဝေလငါးများသည် သဘာဝအကြောင်းတရားများကြောင့် သောင်တင်ခြင်း၊ လူသားတို့၏ ပယောဂကြောင့်သောင်တင်ခြင်း၊ ရေလုပ်ငန်းများတွင် အသုံးပြုသော ငါးဖမ်းပိုက်များတွင် မတော်တဆငြိတွယ်ခြင်းများကြောင့်လည်းကောင်း၊ သေဆုံး၍ဖြစ်စေ၊ အရှင်အတိုင်းဖြစ်စေ၊ ဒဏ်ရာအနာတရကြောင့်ဖြစ်စေ သောင်တင်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ ရေနေနို့တိုက်သတ္တဝါများအား ထိန်းသိမ်းကာကွယ်နိုင်ရန် အတွက်မြန်မာနိုင်ငံကမ်းရိုးတန်းများတွင် နေထိုင်ကျက်စားနေကြသည့် CITES (Convention on International Trade in Endangered Species of Wild Fauna & Flora) ၏ Appendix I(အလွန်ရှားပါးပြီး မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ကျရောက်နေသော မျိုးစိတ်) တွင်ပါရှိသည့် အောက်ဖော်ပြပါ မျိုးသုဉ်းရှားပါးရေနေနို့တိုက်သတ္တဝါများအား တစ်ကောင်လုံး သော်လည်းကောင်း၊ ယင်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုသော်လည်းကောင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ဒဏ်ရာအနာတရဖြစ်စေခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ထောက်ခံချက်မရှိဘဲ ပြည်ပသို့ တင်ပို့ခြင်းများ မပြုလုပ်ကြရန်နှင့် မတော်တဆ အသက်ရှင်လျက် ဖမ်းဆီးရမိပါက အမြန်ဆုံး ပြန်လွှတ်ပေးရန် ညွှန်ကြားလိုက်သည် -

(က) ဧရာဝတီလင်းပိုင် (*Orcaella brevirostris*)

(ခ) ကျောဘို့ပါလင်းပိုင် (*Sousa chinensis*)

(ဂ) လင်းရှူး (*Neophocaena phocaenoides*)

(ဃ) ရေဝက် (*Dugong dugon*)

(င) ဘရိုင်းဝေလငါး (*Balaenoptera edeni*)

(စ) ဝေလငါးပြာ ( *Balaenoptera musculus* )

(ဆ) ဖယောင်းဆီထုတ်ခေါင်းကြီးဝေလငါး (*Physeter macrocephalus*)

(ဇ) ကျောရိုးဆူးတောင်ကြီးဝေလငါး (*Balaenoptera physalus* )

၄။ ဤညွှန်ကြားချက်အား လိုက်နာရန် ပျက်ကွက်ပါက မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း တစ်ပါတည်း ညွှန်ကြားလိုက်သည်။

ခင်မောင်မော်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

**------------------------------------ တိုင်းဒေသကြီး/ ပြည်နယ်၊ ငါးလုပ်ငန်းဦးစီးဌာန**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း**

စာအမှတ်၊ ငလ/ဖွံ့-သု/ပမထ- ညွှန်ကြားချက်/၂၀၁၈ ( ၀၁၁ )
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်

မိတ္တူကို-

- ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
- ညွှန်ကြားရေးမှူးချုပ်ရုံး၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ညွှန်ကြားရေးမှူး ( )၊ ငါးလုပ်ငန်းဦးစီးဌာန
- တာဝန်ခံ၊ ဥပဒေရေးရာဌာနစု၊ ငါးလုပ်ငန်းဦးစီးဌာန
- ရုံးလက်ခံစာတွဲ
- မျှောစာတွဲ